# နိဒါန်း

ဓဇဂ္ဂသုတ်ပရိတ်တော်သည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော် (သံ၊ ၁၊ ၂၂၀) တွင် ပါရှိသော ပရိတ်တော်ဖြစ်ပါသည်။

## ဓဇဂ္ဂသုတ်ပရိတ်တော်ဖြစ်ပေါ်လာပုံ

မြတ်စွာဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့အား ဤဓဇဂ္ဂသုတ်ပရိတ်တော်ကို ဟောကြားတော်မူခဲ့ပါသည်။ မြတ်စွာဘုရားရှင်လက်ထက်က ရဟန်းတော်များသည် တောများ၊ တောင်များ၊ ဆိတ်ငြိမ်ရာ လိုဏ်ဂူများတွင် သီတင်းသုံးကြသဖြင့် ''အကယ်၍ ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာပါက ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် တစ်မျိုးမျိုးကို အောက်မေ့ပွားများကြကုန်လော့''ဟု စသည်ဖြင့် ဓဇဂ္ဂသုတ်ပရိတ်တော်ကို ဟောကြားတော်မူခဲ့ပါသည်။

## ဓဇဂ္ဂသုတ်ပရိတ်တော်

ဓဇဂ္ဂသုတ်ပရိတ်တော်သည် စုဏ္ဏိယများ၊ ဂါထာများဖြင့် ရောနှောဟောကြားတော်မူထားသော ပရိတ်တော်ဖြစ်ပါသည်။ ပရိတ်တော်တွင်–

တာဝတိံသာနတ်တို့နှင့် အသုရာနတ်တို့ စစ်တိုက်ကြသောအခါ သိကြားမင်းသည် သူ၏ နတ်စစ်သည်များအား ''အကယ်၍ ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာပါက ငါသိကြားမင်း၏ အောင်လံတံခွန်ဖျားကိုသော်လည်းကောင်း၊ ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာနနတ်မင်းတို့၏ အောင်လံတံခွန်ဖျားကိုသော်လည်းကောင်း မော့ကြည့်ကြကုန်လော့။ ယင်းသို့ ကြည့်လျှင် ကြောက်လန့်စိတ်များ ပျောက်ကင်းလိမ့်မည်''ဟု ဆိုထားသော်လည်း ကြောက်ရွံ့စိတ်ဖြင့် မော့ကြည့်ကြသော နတ်သားတို့အား ကြောက်လန့်ခြင်းသည် ပျောက်ကင်းသော်လည်း ပျောက်ကင်းမည်၊ မပျောက်ကင်းဘဲသော်လည်း ရှိမည်။ အဘယ့်ကြောင့်ဆိုသော်–သိကြားမင်း ကိုယ်တိုင်က ရာဂ,ဒေါသ,မောဟ မကင်း၍ ကြောက်လန့်ခြင်းသဘောရှိသောကြောင့်ဖြစ်သည်ဟု အစချီကာ ကြောက်လန့်ခြင်းမှ အမှန်တကယ်ကင်းဝေးရန် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ကို ပွားများကြရန် မိန့်တော်မူထားပါသည်။

## ဆုတောင်းပါဠိနှင့်နိဿယ

**ဣ္ဍဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။**

**ဣ္ဍဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။**

**ဣ္ဍဒံ မေ ပုညံ ဗောဓိဉာဏဿ ပစ္စယော ဟောတု။**

**ဣ္ဍဒံ မေ ပုညံ နဝလောကုတ္တရဿ ဓမ္မဿ ပစ္စယော ဟောတု။**

၁။ **မေ–** ဘုရားတပည့်တော်၏။ **ဣ္ဍဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **အာသဝက္ခယံ၊** ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ တည်းဟူသော အာသဝေါတရားလေးပါးတို့၏ကုန်ရာ နိဗ္ဗာန်ကို။ **ဝဟံ–ဝဟန္တော၊** ရွက်ဆောင်နိုင်သည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၂။ **မေ–** ဘုရားတပည့်တော်၏။ **ဣ္ဍဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **နိဗ္ဗာနဿ၊** ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်၏။ **ပစ္စယော၊** မျက်မှောက်ပြုနိုင်ပါရန်အကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၃။ **မေ–** ဘုရားတပည့်တော်၏။ **ဣ္ဍဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **ဗောဓိဉာဏဿ၊** ဗောဓိဉာဏ်တော်မြတ်၏။ **ပစ္စယော၊** ရရှိပါစေကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၄။ **မေ–** ဘုရားတပည့်တော်၏။ **ဣ္ဍဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **နဝ လောကုတ္တရဿ ဓမ္မဿ၊** မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်တည်းဟူသော ကိုးပါးသော လောကုတ္တရာ တရားတို့အား။ **ပစ္စယော၊** ရရှိရန်အကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

---------

